# ၄၆။ သီလနှင့်ပြည့်စုံသောမိန်းမ

သု ၃၁း၁၀-၃၁

သီလနှင့်ပြည့်စုံသော မိန်းမတို့ကို အဘယ်သူ တွေ့ရသနည်း။ ထိုသို့သော မိန်းမသည် ပတ္တမြားထက် အဖိုးသာ၍ ထိုက်ပေ၏။

**သူ၏ခင်ပွန်းသည် သူ့ကိုယုံ၍၊ ဆင်းရဲခြင်းနှင့် ကင်းလွတ်လိမ့်မည်။**

ထိုမယားသည် မိမိခင်ပွန်း အကျိုးကိုမဖျက်၊ တသက်လုံးပြုစုတတ်၏။

**သိုးမွေးနှင့်ဝါကိုရှာ၍ မိမိလက်နှင့် အလိုအလျောက် လုပ်တတ်၏။**

ကုန်သည်သင်္ဘောကဲ့သို့ ဖြစ်၍၊ စားစရာကို ဝေးသော အရပ်မှ ဆောင်ခဲ့တတ်၏။

**မိုးမလင်းမီထလျက်၊ အိမ်သူအိမ်သားတို့အား စားစရာကို လည်းကောင်း၊ ကျွန်မတို့အား အငန်းအတာကို လည်းကောင်း ပေးဝေတတ်၏။**

ကောင်းမွန်စွာဆင်ခြင်၍ လယ်ကွက်ကို ဝယ်ယူတတ်၏။ ကိုယ်တိုင်လုပ်၍ ရသောငွေနှင့် စပျစ်ဥယျာဉ်ကို ပြုစုတတ်၏။

**မိမိခါးကို ခွန်အားနှင့်စည်း၍ မိမိလက်တို့ကို သန်မြန်စေတတ်၏။**

မိမိလုပ်သောဥစ္စာ ကောင်းသည်ကိုရိပ်မိ၍၊ သူ၏ မီးခွက်သည် တညလုံးမသေတတ်။

**ချည်ဖြစ်စေတတ်သော တန်ဆာတို့ကို ကိုယ်လက်နှင့် ကိုင်၍ လုပ်ဆောင်တတ်၏။**

ဆင်းရဲသော သူတို့အား လက်ကိုဖြန့်၍ ငတ်မွတ်သော သူတို့အား လက်ရှည်ကို ဆန့်တတ်၏။

**မိုးပွင့်ကျသော်လည်း၊ မိမိအိမ်သူအိမ်သား တို့အတွက် မစိုးရိမ်။ အိမ်သူအိမ်သား အပေါင်းတို့သည် ကတ္တီပါနီကို ဝတ်ရကြ၏။**

ကိုယ့်အဖို့ စောင်တို့ကိုရက်၍၊ ပိတ်ချောနှင့်မောင်းသော အထည်ကို ဝတ်တတ်၏။

**သူ၏ ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သား အသက်ကြီးသူတို့နှင့် ထိုင်၍၊ ထင်ရှားသောသူ ဖြစ်ရ၏။**

ချောသော အထည်အလိပ်ကို ရက်၍ရောင်းတတ်၏။ ခါးစည်းတို့ကိုလည်း ကုန်သည်၌ချတတ်၏။

**သူလုပ်သော အထည်အလိပ်သည် ခိုင်ခံ့၍၊ လှသော အဆင်းနှင့် ပြည့်စုံသဖြင့်၊ သူသည် နောင်ကာလ၌ ဝမ်းမြောက်လိမ့်မည်။**

ပညာစကားကို ပြောတတ်၍၊ မေတ္တာတရားအားဖြင့် နှုတ်မြွက်တတ်၏။

**အိမ်သူအိမ်သား ပြုမူသမျှတို့ကို ကြည့်ရှုတတ်၏။ ပျင်းရိခြင်း အစာကို မစားတတ်။**

သူ၏ သားသမီးတို့သည် ထ၍၊ အမိကို ကောင်းချီးပေး တတ်ကြ၏။

**သူ၏ခင်ပွန်းကလည်း၊ လူမျိုး သမီးအများတို့သည် ကောင်းမွန်စွာ ပြုကြပြီ၊ သို့ရာတွင်၊ သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲပြီဟု သူ့ကိုချီးမွမ်းတတ်၏။**

ယဉ်ကျေးသော အရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏၊ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား ချီးမွမ်းခြင်းကို ခံရလိမ့်မည်။

ထိုသို့သော မိန်းမကျင့်ရာ အကျိုးကိုပေးလော့။ သူပြုသော အမှုသည် မြို့တံခါးတို့၌ သူ၏ အသရေကို ထင်ရှားစေသတည်း။